တူဒေးစာအုပ်တိုက်

# အလုပ် နှင့် တွန်းအား

ဇော်ဝင်းကြူ (ပျဉ်းမနား)



## Motivating People

MIKE BOURNE & PIPPA BOURNE

# နိဒါန်း

အဖွဲ့အစည်းတစ်ခုအောင်မြင်ဖို့ အတွက် တက်ကြွနေတဲ့ လူတွေ မရှိမဖြစ်လိုအပ်ပါတယ်။ တက်ကြွနေတဲ့ ဝန်ထမ်းတွေရှိထားတဲ့ လုပ်ငန်းတစ်ခုဟာ သူ့ရဲ့ ပြိုင်ဘက်တွေထက် တစ်ပန်းသာနေတာပဲ။ ကုန်ပစ္စည်း ဒါမှ မဟုတ် ဝန်ဆောင်မှုတစ်ခုအတွက် စိတ်ကူးစိတ်သန်းတစ်ခုကို ပုံတူကူးချဖို့ ဆိုတာ ပြိုင်ဘက်တစ်ယောက် အတွက် လွယ်ပေမယ့် စိတ်အားထက်သန်ပြီး တက်ကြွနေတဲ့ ဝန်ထမ်းအဖွဲ့တစ်ဖွဲ့ကို တူအောင်လိုက်ပြီး တည်ဆောက်ဖို့ ဆိုတာက အဲဒီလောက်မလွယ်ဘူး။

အခုအခါ လူတွေဟာ သူတို့ ရဲ့ အလုပ်ရှင်တွေဆီက အရင်ထက်ပိုပြီး ကြီးကြီးမားမား မျှော်လင့်နေ ကြပြီ။ သူတို့ ဟာ အလုပ်ရှင်တစ်ယောက် တည်းဆီမှာ နှစ်တွေအကြာကြီးနေဖို့ စိတ်ကူးမထားကြတော့ဘူး။ သူတို့ အလုပ်လုပ်တဲ့ သက်တမ်းအတွင်း လုပ်ငန်းတစ်ခုပြီးတစ်ခု ပြောင်းပြီးတော့ လုပ်ချင်လုပ်ကြမယ်။ ကျွမ်းကျင်တဲ့ အလုပ်သမားတစ်ယောက်ဟာ သူ့ရဲ့ အလုပ်ရှင်နဲ့ အဆင်မပြေရင် တခြားအလုပ်တစ်ခုကို ပြောင်းလုပ်ဖို့ အခက်အခဲသိပ်ရှိမှာ မဟုတ်ဘူး ။ အလုပ်တစ်ခုကနေ အမြန်ဆုံး ထွက်နိုင်တဲ့ လူတွေဟာ အတော်ဆုံးဆိုတဲ့ လူတွေပဲ။ ဒါကြောင့် လူတွေကိုတွန်းအားပေးတဲ့ ပညာက ဘယ်တုန်းကနဲ့ မှ မတူအောင် အရေးကြီးလာနေပြီ။

'အလုပ်နဲ့ တွန်းအား' ဆိုတဲ့ ဒီစာအုပ်ကို အပိုင်းလေးပိုင်း ခွဲထားပါ

တယ်။ ပထမပိုင်းက တွန်းအားရဲ့ အနှစ်သာရကို ဆွေးနွေးထားတယ်။ တွန်းအားဆိုတာ ဘာလဲ။ တက်ကြွနေတဲ့ အဖွဲ့တစ်ဖွဲ့အတွက် မှန်ကန်တဲ့ ပတ်ဝန်းကျင် တစ်ခုကို ဘယ်လိုဖန်တီးပေးမလဲ။ ဒုတိယပိုင်းမှာ တွန်းအားပေးနေတဲ့ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို ခိုင်ခံ့အောင် ၊ ရေရှည်တည်တံ့အောင်လုပ်ဖို့ လိုအပ်တဲ့ လုပ်ငန်းစဉ်တွေကို ဆန်းစစ်တင်ပြထားပါတယ်။ အဲဒီလိုဆန်းစစ်တဲ့ နေရာမှာ ရည်မှန်းချက်တွေချမှတ်တာ၊ လုပ်ငန်းဆောင်ရွက်မှုကို တိုင်းတာ တွေပါတယ်။ လူတွေကို ဘယ်လိုအသိအမှတ်ပြု မြှောက်စားမလဲဆိုတာတွေပါတယ်။ တတိယပိုင်းကတော့ ကိုယ့်ရဲ့ အဖွဲ့ကို တွန်းအားပေးဖို့ အတွက် ကိုယ့်ဆီမှာ ဖွံ့ဖြိုးအောင် လုပ်ထားရမယ့် ကျွမ်းကျင်မှုတွေကိုသင်ပေးထားတယ်။ နောက်ဆုံးအပိုင်းမှာတော့ ပြောင်းလဲမှုတွေကြားထဲက လုပ်ရတဲ့ ခက်ခဲတဲ့ အခြေအနေတွေမှာ တွန်းအားပေးတာ၊ အိမ်မှာ အလုပ်ယူလုပ်တဲ့ လူတွေကို တွန်းအားပေးတာတွေကို တင်ပြထားပါတယ်။

*